Myanmar Red Cross Society

# အလုပ်လျှောက်လွှာခေါ်ယူခြင်း

| | | |
|---|---|---|
| **ရာထူးအမည်** | : | **ရှေးဦးပြုစုသူ** |
| အရေအတွက် | : | (၁) ဦး |
| အစီရင်ခံတင်ပြမှု | : | မန်နေဂျာ |
| ဌာန | : | စီမံရေးရာ(အရေးပေါ်လူနာတင်ယာဉ်ဝန်ဆောင်မှု) |
| တာဝန်ကျရာနေရာ | : | နေပြည်တော် |
| Grade | : | B2 |
| အကျိုးခံစားခွင့်များ | : | လစာ + ကိုယ်ခန္ဓာထိခိုက်မှုနှင့်ရောဂါဘယအာမခံ+ လုပ်ငန်းတွင်းသင်တန်းများ +ခရီးသွားစားရိတ် + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့်+ ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အစားထိုးခံစားခွင့် |
| **လျှောက်လွှာပိတ်ရက်** | : | **၂၅ . ၀၂ .၂၀၁၉၊ (၁၆:၃၀)နာရီ** |

**အရေးပေါ်လူနာတင်ယာဉ်ဝန်ဆောင်မှုလုပ်ငန်းအကြောင်းအရာ။** မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် "အရေးပေါ်လူနာတင်ယာဉ်ဝန်ဆောင်မှုလုပ်ငန်း" ကို ၂၀၁၃ခုနှစ်တွင် စင်္ကာပူကြက်ခြေနီအသင်း၏ထောက်ပံ့မှုဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။ ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ဖြစ်ပွားသော ယာဉ်မတော်တဆထိခိုက်မှုဖြစ်စဉ်များကို အချိန်နှင့်တပြေးညီ ရှေးဦးပြုစုပေးပြီး ကူညီဆောင်ရွက်ပေးလျှက်ရှိသည့်အပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြစ်ပွားသောဖြစ်စဉ်များနှင့်အခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုပါ ကူညီဆောင်ရွက်ပေးလျှက်ရှိပါသည်။

**ရှေးဦးပြုစုသူ**သည် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပြဌာန်းထားသောမူဝါဒ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာဉ်မတော်တဆဖြစ်စဉ်များမှလူနာများ၊ ကျန်းမာရေးစောင့်ရှောက်ပေးရမည့်လူနာများအား ရှေးဦးပြုစုပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှုများပြုလုပ်ပေးခြင်း၊ လူနာမှတ်တမ်းများရေးသွင်းခြင်း၊ ဝင်စာ၊ ထွက်စာများရေးသွင်းခြင်းတို့ကို အဓိကတာဝန်ယူ၍ အရေးပေါ်လူနာတင်ယာဉ်ဝန်ဆောင်မှုလုပ်ငန်းမန်နေဂျာအား ပံ့ပိုးကူညီဆောင်ရွက်ရန်ဖြစ်သည်။

## လုပ်ငန်းတာဝန်များ

(၁) ရှေးဦးပြုစုရန်ကိစ္စ တစ်ရပ်တွေ့ကြုံလာပါက ဌာနဆိုင်ရာများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(၂) အသက်အန္တရာယ်ရှိသော လူနာများကိုဦးစွာသုံးသပ်ပြီး ထိရောက်သော ရှေးဦးပြုစုမှုကိုပေးရမည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"

*MRCS-First Aider for Admin Department/Emergency Ambulance Service- 18/ 02/2019* *(015)*

(၃) လူနာကို အန္တရာယ်ကင်းစွာနှင့် သက်တောင့်သက်သာ ဖြစ်စေရန် ပြုစုပေးရမည်။

(၄) လူနာကို အခြေအနေပိုမိုမဆိုးဝါးသွားစေရန် တည်ငြိမ်မှုရရှိစေရန်နှင့် ထပ်မံထိခိုက်မှုမဖြစ်စေရန်ပြုစုစောင့်ရှောက်ပေးရမည်။

(၅) ရှေးဦးပြုစုသူသည်လူနာကို ဆေးဘက်ဆိုင်ရာ အကူအညီရရှိသည်အထိ ပြုစုစောင့်ရှောက်ပေးရမည်။

(၆) ရှေးဦးပြုစုသူများသည် အများပြည်သူရှေ့တွင် ကြက်ခြေနီပုံရိပ်များကို ထိခိုက်စေသောပြုမူ ပြောဆိုဆက်ဆံမှုများကို ရှောင်ကြဉ်ရမည်။

(၇) အန္တရာယ်ဖြစ်နေသော လူနာများ၏ လိုအပ်ချက်ပေါ်မူတည်ပြီး ဦးစားပေးလူနာအတိုင်းပြုစုရမည်။

(၈) ရှေးဦးပြုစုသူများသည် လူနာများ၏ လူမျိုး၊ အသားအရောင်၊ ကျား၊ မ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံရေး၊ လူမျိုးရေး၊ ဆင်းရဲချမ်းသာခွဲခြားမှုမရှိစေရ။

(၉) ရှေးဦးပြုစုသူများသည် ရှေးဦးပြုစုခြင်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် မိမိနိုင်ငံ၏ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာ ထောက်ထားခြင်းဥပဒေကို လေးစားလိုက်နာလျှက် ဆောင်ရွက်ရမည်။

(၁၀)မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့်လုပ်ထုံးလုပ်နည်းများကို ညွှန်ကြားချက်အတွင်း တာဝန်များကို ထမ်းဆောင်နိုင်ရမည်။

(၁၁)ရှေးဦးပြုစုသူသည် လူနာတစ်ဦး၏အချက်အလက်မှတ်တမ်းများကို သတ်မှတ်ပုံစံအတိုင်း ပုံမှန်ဖြည့်စွက်ရမည်။

(၁၂)ရှေးဦးပြုစုခြင်းဝန်ဆောင်ပေးမှု မှတ်တမ်းများအား ပုံမှန်ဖြည့်စွက်ရမည်။

(၁၃)အရေးပေါ်လူနာတင်ယာဉ်ပေါ်ရှိ အထောက်အကူပြုပစ္စည်းများကို ပုံမှန်သန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် အဆင့်သင့် အသုံးပြုရန် အမြဲမပြတ် ပြန်လည်ဖြည့်တင်းထားရမည်။

(၁၄)လိုအပ်ပါကမန်နေဂျာမှညွှန်ကြားသော လုပ်ငန်းနှင့်ပတ်သက်သည့် အခြားလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမည်။

**လိုအပ်သောအရည်အချင်းများ**

- **မြန်မာနိုင်ငံသားဖြစ်ရမည်။**
- **အသက်(၁၈)နှစ် မှ(၄၀)နှစ်အတွင်းဖြစ်ရမည်။**
- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ (သို့) အထက်တန်းပညာသင်ကြားခဲ့သူဖြစ်ရမည်။
- ရှေးဦးပြုစုခြင်းအခြေခံအောင်လက်မှတ်ရှိထားသူဖြစ်ရမည်။
- စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းရမည်။
- တာဝန်ချိန်ကို အပြည့်အဝထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- ရှေးဦးပြုစုသူ၏ တာဝန်ဝတ္တရားများကို နားလည်လိုက်နာသူဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ အသင်း၏ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**

- နေပြည်တော်တွင် နေထိုင်နိုင်ရမည်။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ်တူ/ PDF Version ဖြင့်-

| | |
|---|---|
| **မြန်မာနိုင်ငံကြက်ခြေနီအသင်း** | **မြန်မာနိုင်ငံကြက်ခြေနီအသင်း** |
| **ရုံးချုပ်** | **ရုံးခွဲ** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊** | **အမှတ်(၄၂)၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊** |
| **နေပြည်တော်။** | **ရန်ကုန်။** |

(သို့မဟုတ်) mrcshrrecruitment@gmail.com သို့လိပ်မူကာ ပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**